ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)

## Village Development Plan(VDP)


လွိုင်ကော်မြို့နယ်၊ ပိန်းချစ် ကျေးရွာအုပ်စု၊ ကုန်းဆွတ် ကျေးရွာ

# မာတိကာ

အကြောင်းအရာ စာမျက်နှာ



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၀ |
| ၉။ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၁ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၂ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၃ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၄ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၆ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၇ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၈ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၁၉ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၀ |
| ၁၈။ ကော်မတီဝင်များစာရင်း၂၁ | |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၃ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၆ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၇ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၈ |
| ၂၃။ ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၉ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၁ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၃ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ပိန်းချစ် | ကျောက်ကြီး (မြောက်) | |
| ၂။ | ပိန်းချစ် | ကုန်းဆွတ် | |
| ၃။ | ပိန်းချစ် | ဒေါတနော | |
| ၄။ | ပိန်းချစ် | ထီရိ | |
| ၅။ | ပိန်းချစ် | ဆိုမို | |
| ၆။ | ပိန်းချစ် | ဝမ့်ကုန်း | |
| ၇။ | ပိန်းချစ် | သာယု | |
| ၈။ | ပိန်းချစ် | နမ့်နောက် | |
| ၉။ | ပိန်းချစ် | ခုတ်လော | |
| ၁၀။ | ပိန်းချစ် | ထနောင်းညွှန့် | |
| ၁၁။ | ပိန်းချစ် | နန်းလွှာ | |
| ၁၂။ | ပိန်းချစ် | အိုင်စန့် | |
| ၁၃။ | ပိန်းချစ် | ပိန်းချစ် | |

**လူထုဗ**ဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၉-**၂၀၂၀**) ခုနှစ်

ကျေးရွာအုပ်စုအမည်-ပိန်းချစ်　　ကျေးရွာအမည်-ကုန်းဆွတ်　　ရက်စွဲ - ၂၅.၉.၂၀၁၉

ကျေးရွာသမိုင်းကြောင်း

ကုန်းဆွတ်ကျေးရွာကို မြန်မာသက္ကရာဇ်၁၂၂၃ခုနှစ် ဝါခေါင်လပိုင်းအချိန်တွင် ပအို့ဝ်တောင်သူ လယ်သမား(၁)ဦးနန်းတဖြောမ်(၂)ဦးကျောင်ပျက်(၃)ဦးပန်တဦး (၄) ဦးရော်ဂါရဝ စသောအမျိုးသားတို့မှ တောင်ယာကိုစိုက်ပျိုးရင်းညောင်ပင်လေးပင်ကိုစိုက် ကာကုန်းဆွတ်ကျေးရွာကိုစတင်တည်ထောင်ခဲ့ပါသည်။ ထိုအမျိုးသားများသည်လက်ရှိ ကုန်းဆွတ်ကျေးရွာ၏အနောက်ဖက်(၃) မိုင်ခန့်ဝေးသည့်ကျောင်းကုန်းလေး ကျေးရွာမှစတင်ရွှေ့ပြောင်းအခြေပြုနေထိုင်ကြသည်။ ကုန်းဆွတ်ကျေးရွာ ၏လက်ရှိသက်တမ်းမှာ ၁၅၆ နှစ် ရှိပြီဖြစ်ပါသည်။

လက်ရှိချိန်တွင်ကုန်းဆွတ်ကျေးရွာ၏အိမ်ခြေမှာ(၂၀၇)အိမ်ရှိပါသည်။ ယခင်က(၂၀၉)အိမ်ရှိသော် လည်းယခုအခါတွင်လူ နေထိုင်ခြင်းမရှိတော့သောကြောင့်(၂)အိမ်မှာဖြိုဖျက်ခဲ့သည်။ယခုအခါတွင်အိမ်ခြေမှာ (၂၀၇)အိမ်ရှိပြီးအမျိုးသား(၄၈၉)ဦး၊အမျိုးသမီး(၄၈၃)ဦး၊စုစုပေါင်း(၉၇၂)ဦး ရှိပါသည်။အများအားဖြင့်ပအို့ဝ် လူမျိုးများသာနေထိုင်ကြပြီးဗုဒ္ဓဘာသာကိုအဓိကကိုးကွယ်ကြပါသည်။ စပါး၊ပြောင်းဖူးနှင့်ပဲစင်းငုံတို့ကိုအဓိက စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ထူးခြားချက်မှာတောင်ကုန်းနှစ်ခုပေါ် တွင်ရွာတည်ထားခြင်းပင်ဖြစ်ပါသည်။

ကုန်းဆွတ်ကျေးရွာသည်ကျောက်ကြီး(မြောက်)ကျေးရွာနှင့် ဒေါတနောကျေးရွာကြားတွင် တည်ရှိပြီး အရှေ့နှင့်အနောက်ဖက်တွင်တောင်တန်းနှင့်သဘာဝကျောက်တောင်များဖြင့်ဝန်းရံထားပါသည်။ ကုန်းဆွတ် ကျေးရွာမှာ လွိုင်ကော်၊ လွိုင်လင်လေးကတ္တရာလမ်းဘေးတစ်ဖက်တစ်ချက်စီတွင်တည်ရှိပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး


ရာထူး - လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ုရေးအရင်းအမြစ်ပြမြေပုံ<br>cial Map/Resource Map | ၂၆.၃.၂၀၁၉ | ရပ်မိရပ်ဖ<br>ကော်မတီဝင်များ | ၆၂ | ၄၈ | ၁၁၀ | အိမ်အမျိုးအစားများ၊အခြေခံ<br>အဆောက်အဦးများ၊လမ်းပန်း<br>ဆက်သွယ်ရေးအခြေအနေ၊<br>လယ်ယာမြေ၊မြစ်ချောင်း၊<br>ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု<br>အဆင့်သတ်မှတ်ချက်<br>(Wealth Ranking) | ၂၆.၃.၂၀၁၉ | ချမ်းသာ၊<br>အလယ်အလတ်၊<br>နွမ်းပါးအုပ်စု | ၆၂ | ၄၈ | ၁၁၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊<br>ခွဲခြားသတ်မှတ်နိုင်ရေးအတွက်<br>အခြေခံစံနှုန်းများသတ်မှတ်ခြင်း<br>ကျေးရွာသားများနှင့်အများသ<br>ဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၆.၃.၂၀၁၉ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၆၂ | ၄၈ | ၁၁၀ | အမျိုးသမီးနှင့် အမျိုးသား<br>များပိုင်ဆိုင် ပြီးထိန်းချုပ်ထား<br>သည့် ပိုင်ဆိုင်မှု(သို့) အရင်းအ<br>မြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန်<br>Seasonal Calender | ၂၆.၃.၂၀၁၉ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၆၂ | ၄၈ | ၁၁၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊<br>လယ်ယာလုပ်ငန်းများ၊<br>ဝင်ငွေထွက်ငွေ၊မွေးမြူ<br>ရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက်<br>(Spider Web) | ၂၆.၃.၂၀၁၉ | အမျိုးသား၊<br>အမျိုးသမီးများ | ၆၂ | ၄၈ | ၁၁၀ | အမျိုးသား၊အမျိုးသမီးများ<br>ဘတန်းတူအခွင့်အရေးရရှိမှုနှင့်<br>မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br>(Venn Diagram) | ၂၆.၃.၂၀၁၉ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအ<br>ဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊<br>ကျေးရွာစီထောက်အဖွဲ့ | ၆၂ | ၄၈ | ၁၁၀ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများ<br>နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်<br>ချိတ်ဆက်<br>ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ် -လှိုင်ကော်.. ။ကျေးရွာအုပ်စု ပိန်းချစ်..။ ကျေးရွာ - ကုန်းဆွတ်...။ရက်စွဲ ...၂၅.၉.၂၀၁၉...




**ပါဝင်ဆွေးနွေးသူ**

ကျား -၆၂ဦး

မ -၄၈ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# လူမှုရေး အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ကုန်းဆွတ်ကျေးရွာသည်လှိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျောက်ကြီး (မြောက်)နှင့်ဒေါတနောကျေးရွာကြားတွင်တည်ရှိပါသည်။လှိုင်ကော်-တောင်ကြီးကတ္တရာလမ်းပေါ်တွင်တည် ရှိသည်။ ၎င်းကျေးရွာတွင်အိမ်ခြေ(၂၀၇)အိမ်ရှိပြီး လူဦးရေစုစုပေါင်း(၉၇၂)ဦးခန့်နေထိုင်ကြပါသည်။ ၎င်း ကျေးရွာတွင်ပအို့ဝ်လူမျိုးများ (၂၀၆) အိမ်နေထိုင်ကြပြီးကယန်း (၁) အိမ်အနည်းစုနေထိုင်ကြပါသည်။ အမျိုး သမီးဦးဆောင်သောအိမ် (၁၁) အိမ်ရှိပါသည်။ ဘာသာရေးအနေဖြင့်တစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ ပါသည်။

ကုန်းဆွတ်ကျေးရွာသည် တောင်ယာလုပ်ငန်းကိုအဓိက လုပ်ကိုင်ကြပြီး စိုက်ပျိုးသီးနှံများမှာ ပြောင်း၊ စပါး၊မြေပဲ၊ ပဲစဉ်းငုံတို့ကို စိုက်ပျိုးကြပါသည်။ ကြက် နှင့် ဝက်ကိုတစ်နိုင်တစ်ပိုင်အဖြစ် မွေးမြူကြ ပါသည်။

ကုန်းဆွတ်ကျေးရွာတွင်မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။၂၀၁၇ခုနှစ်တွင် လူထုဗဟိုပြု စီမံကိန်းအဖွဲ့နှင့် ကျေးရွာလူထုတို့ ပူးပေါင်းပြီးစာသင်ကျောင်းခြံစည်းရိုးကို ကာပေးခဲ့ပါသည်။ ကျေးရွာတွင်း ရှိလမ်းများမှာမြေသားလမ်းများဖြစ်သောကြောင့်မိုးရာသီတွင်သွားလာရခက်ခဲလျက်ရှိပါသည်။ နွေရာသီတွင် ရွာတွင်းရှိလမ်းများမှာဖုန်ထူနေတတ်ပါသည်။ ထို့အပြင်လည်းနွေရာသီတွင်ရေရှားပါးမှုအခက်အခဲကိုလည်း ကြုံတွေ့နေရပါသည်။

ကုန်းဆွတ်ကျေးရွာ၏ အရှေ့ဘက်တွင်တောင်ယာခင်းများ၊ အနောက်ဘက်တွင်တောင်ယာ စိုက် ခင်းများနှင့်တောင်တန်းများ၊တောင်ဘက်တွင်ကျောက်ကြီး(မြောက်)ကျေးရွာနှင့်မြောက်ဖက်တွင်ဒေါတနော ကျေးရွာစသည်ဖြင့် ဝန်းရံ လျှက်ရှိသည်။

တိုးတက်ရန်လိုအပ်သောအချက်များ - မြေသားလမ်းများ ကျောက်ချောလမ်းများဖြစ်ရန်

- စိုက်ပျိုးရေးနည်းပညာသင်တန်းပို့ချပေးရန်
- စာကြည့်တိုက်ရှိရန်
- ခန်းမဆောင်ရှိရန်
- အဝီတွင်းနှင့်ရေပိုက်သွယ်တန်းပေးရန်
- ရေလှောင်ကန်တည်ဆောက်ပေးရန်
- အလုပ်အကိုင်အခွင့်အလမ်းရရှိရန်

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် - လှိုင်ကော်၊ ကျေးရွာအုပ်စု - ပိန်းချစ်၊ ကျေးရွာ - ကုန်းဆွတ်၊ ရက်စွဲ ၂၅.၉.၂၀၁၉

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ ကား(၂)စီး၊ ထော်လာဂျီ၊ ကိုင်းရှည်၊ ကျွဲ (၈)ကောင်၊ဆန်စက်၊ ဆိုင်ကယ်(၂)စီးအထက်၊လယ် (၅)ကေအထက်၊ တောင်ယာ(၅၀)ကေ အထက်၊ တစ်နှစ်ဝင်ငွေ သိန်း(၁၀၀)ဝန်းကျင် ရရှိပြီးကလေးများ ကိုဘွဲ့ရသည် အထိကျောင်းထားနိုင်ကြသည်။ | ၁၀အိမ် | ၄.၈၃% |
| အလယ်အလတ် | တိုက်/ ပျဉ်၊ ပျဉ်ထောင်၊ ထော်လာဂျီ၊ ကိုင်းရှည်၊ ဆိုင်ကယ်၊ လယ်(၂)ကေအောက်၊ တောင်ယာ(၁၀) ကေ၊တစ်နှစ်ဝင်ငွေသိန်း(၄၀)ဝန်းကျင် ရရှိပြီး ကလေး များကိုအထက်တန်း အထိကျောင်းထားနိုင်ကြသည်။ | ၉၀အိမ် | ၄၃.၄၈% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ်၊ တောင်ယာ(၂) ကေအောက်၊ ဆိုင်ကယ်၊ ကျပန်းလုပ်ကိုင် ၊ တစ်နှစ်ဝင်ငွေ (၁၅) သိန်းဝန်းကျင် ရရှိပြီးကလေးများ ကိုအလယ်တန်းအထိကျောင်းထား နိုင်ကြသည်။ | ၇၇အိမ် | ၃၇.၁၉% |
| အလွန်ဆင်းရဲ/နွမ်းပါး | ထရံအိမ်၊ တချို့မှာတောင်ယာတနိုင်တပိုင်၊ ကျပန်း လုပ်ကိုင်၊ တစ်နှစ်ဝင်ငွေ (၁၀)သိန်းဝန်းကျင် ရရှိပြီးကလေးများ ကိုအလယ်တန်းအထိသာ ကျောင်းထားနိုင်ကြသည်။ | ၃၀အိမ် | ၁၄.၄၉% |
| စုစုပေါင်းအိမ်ထောင်စု | | ၂၀၇အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ**

ကျား- ၆၂ဦး

မ - ၄၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ကုန်းဆွတ်ကျေးရွာသည် အိမ်ထောင်စု(၂၀၇)အိမ်ရှိပြီး လူဦးရေ (၉၇၂) ဦးခန့် နေ ထိုင်ပါသည်။၎င်းကျေးရွာတွင်ဥစ္စာဓနကြွယ်ဝမှုမှာချမ်းသာအဆင့်၊ အလယ်အလတ်အဆင့်နှင့် ဆင်းရဲနွမ်းပါးအဆင့်နှင့်အလွန်ဆင်းရဲနွမ်းပါးသောအဆင့်ဟူ၍အဆင့်(၄)ဆင့် ရှိပါသည်။

ချမ်းသာအဆင့်အဖြစ်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း(၁၀)အိမ်ခန့်ရှိပြီးရာခိုင်နှုန်းအားဖြင့်(၄.၈၃%)ရှိပါသည်။၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာတိုက်အိမ်၊ ကား(၂)စီး၊ထော်လာဂျီ၊ကိုင်းရှည်၊ကျွဲ(၈)ကောင်၊ဆန်စက်၊ဆိုင်ကယ်(၂)စီးအထက်၊လယ်(၅)ကေအထက်၊ တောင်ယာ(၅၀)ကေအထက် ပိုင်ဆိုင်ကြပြီး တစ်နှစ်ဝင်ငွေ သိန်း(၁၀၀)ဝန်းကျင် ရရှိကြပါသည်။ ထို့အပြင်ကလေးများ ကိုဘွဲ့ရသည် အထိကျောင်းထားနိုင်ကြသည်။အလုပ်အကိုင်အနေဖြင့်အများအားဖြင့်တောင်ယာလုပ်ငန်းသာလုပ်ကိုင်ကြ သောသူများ ဖြစ်ပါသည်။

အလယ်အလတ်အဆင့်အဖြစ်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း(၉၀)အိမ်ခန့်ရှိပြီးရာခိုင်နှုန်းအားဖြင့်(၄၃.၄၈%)ရှိပါသည်။၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာတိုက်/ပျဉ်၊ပျဉ်ထောင်၊ ထော်လာဂျီ၊ကိုင်းရှည်၊ဆိုင်ကယ်၊လယ်(၂)ကေအောက်၊ တောင်ယာ(၁၀)ကေပိုင်ဆိုင်ကြပြီးအများတစ်နှစ်ဝင်ငွေသိန်း(၄၀)ဝန်းကျင်ရရှိကြကာကလေးများကိုအထက်တန်းအထိကျောင်းထားနိုင်ကြသည်။ အလုပ်ကိုင်အနေဖြင့် အများအားဖြင့်တောင်ယာ၊လယ်ယာလုပ်ငန်းသာလုပ် ကိုင်ကြ သော သူများ ဖြစ်ကြပါသည်။

ဆင်းရဲနွမ်းပါးအဆင့်အဖြစ်သတ်မှတ်ခံရသောအိမ်ခြေစုစုပေါင်း (၇၇) အိမ်ခန့်ရှိပြီးရာခိုင်နှုန်းအားဖြင့်(၃၇.၁၉%)ရှိပါသည်။ ၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာ ထရံအိမ်၊ တောင်ယာ (၂) ကေအောက်၊ဆိုင်ကယ်စသဖြင့်ပိုင်ဆိုင်ကြပြီး တစ်နှစ်ဝင်ငွေ (၁၅) သိန်းဝန်းကျင် ရရှိကြကာကလေးများကိုအလယ်တန်းအထိကျောင်းထားနိုင်ကြသည်။ အလုပ်ကိုင်အနေဖြင့်အများအားဖြင့် ကျပန်းလုပ်ကိုင်ကြပါသည်။ ဆင်းရဲရခြင်းအကြောင်းမှာတစ်နေ့လုပ်တစ်နေ့စားခြင်း ၊သက်ကြီးရွယ်အိုများခြင်း နှင့်တောင်ယာမြေအနည်းငယ်သာရှိသောကြောင့်ဖြစ်သည်။

အလွန်ဆင်းရဲနွမ်းပါးဆင်းရဲအဆင့်အဖြစ်သတ်မှတ်ခံရသောအဆင့်တွင်အိမ်ခြေ(၃၀)အိမ်ရှိပြီးရာခိုင်နှုန်းအားဖြင့်(၁၄.၄၉%)ရှိပါသည်။ ၎င်းအဆင့်ပိုင်ဆိုင်သောပစ္စည်းများမှာထရံအိမ်သာရှိပြီး တချို့မှာတောင်ယာတနိုင်တပိုင်လုပ်ကိုင်ကြပြီး အများအားဖြင့်ကျပန်းလုပ်ကိုင်ကြပါသည်။

ဆင်းရဲရခြင်းအကြောင်းရင်းမှာတစ်နေ့လုပ်တစ်နေ့စားရခြင်းနှင့်အပိုဝင်ငွေမရှိသောကြောင့် ဖြစ်ပြီးကလေးများကိုလည်း ကျောင်းမထားနိုင်ပါ။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး | | | | | | ရွာတွင်း | လမ်းသွား | လာရ | ခက်ခဲခြင်း | | | |
| စိုက်ပျိုးရေး | ပြောင်း | သိမ်း | ကြက် | သွန်နှတ် | တောင်ယာရှင်း | စပါး၊ မြေပဲ | ပဲစင်းငုံ | ပဲစင်းငုံ | ပြောင်း | စပါး၊မြေပဲ | ရတ်သိမ်း | ကြက်သွန်စိုက် |
| ဝင်ငွေ($)/ထွက်ငွေ(#) | $$ # | $$ # | # | # | ### | ### | ### | # | # | $$ # | $$$ # | $$$ # |
| ကျန်းမာရေး | | ဝမ်းပျက် | ဝမ်းပျက် | | | ငှက်ဖျား | တုတ်ကွေး | ဝမ်းပျက် | | | တုတ်ကွေး အအေးမိ | တုတ်ကွေး အအေးမိ |
| ပွဲလမ်းသဘင် | | | ပအိုဝ့်အမျိုးသား | သင်္ကြန် | | | | | သီတင်း | ကျွတ်ကထိန် | | |
| သောက်သုံးရေရရှိမှု | | | သောက် | သုံးရေ | ခက်ခဲ | သည့်လ | | | | | | |
| အစားအစာဖူလုံမှု | | | စားဝတ် | နေရေး | ခက်ခဲ | သည့်လ | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား - ၆ ဦး

မ - ၄ ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန်  သုံးသပ်ချက်

ကုန်းဆွတ်ကျေးရွာသည်တောင်ယာလုပ်ငန်းကို အဓိက လုပ် ကိုင်ကြပြီး တောင်ယာလုပ်ငန်းတွင် အဓိက စိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပြောင်း၊ ကြက်သွန်၊ ပဲစဉ်း ငုံ၊ပဲပုပ်နှင့် မြေပဲတို့ ဖြစ်ပါသည်။

ကဆုန်လ နှင့် နယုန်လတွင် ပျိုးကြဲကြပြီး ဝါဆိုလ နှင့် ဝါခေါင်လတွင် စပါး၊ပြောင်း ၊ မြေပဲတို့ကို စိုက်ပျိုးကြသည်။ ဝါခေါင်လ နှင့် တော်သလင်းလတွင် လယ်ယာစပါးပိုးကျချိန် ဖြစ်ပြီး တန်ဆောင်လ နှင့် နတ်တော်လတွင်ပဲစဉ်းငုံပိုးကျချိန် ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများကိုတစ်နှစ်ပတ်လုံး လုပ်ကိုင်ကြပါ သည်။တန်ဆောင်မုန်းလ၊နတ်တော်လနှင့်ပြာသိုလတွင်သီးနှံများရိတ်သိမ်းကြပြီးလျှင် နောက်တစ်နှစ်စိုက်ပျိုး ဖို့အတွက် ခြံကို ပြန်လည်ရှင်းလင်းခုတ်သွင်းရပါသည်။

ဤတောင်ယာလုပ်ငန်းများကို ကုန်းဆွတ်ကျေးရွာရှိ ကျေးရွာသူ၊ကျေးရွာသား အားလုံးနီးပါး လုပ် ကိုင်ကြပါသည်။အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၁၁)အိမ်ရှိပြီး ၎င်းလုပ်ငန်းကိုပဲ လုပ်ကိုင်ကြပါသည်။

ကျန်းမာရေးအနေဖြင့်ကဆုန်လနှင့်နယုန်လတွင်တုတ်ကွေး၊ဝမ်းပျက်ဝမ်းလျော၊တော်သလင်းလနှင့် သီတင်းကျွတ်လတွင်ငှက်ဖျားနှင့်တုတ်ကွေးအဖြစ်များပြီး နတ်တော်လနှင့်ပြာသိုလတွင် နာစေးချောင်းဆိုး နှင့်တုတ်ကွေးအဖြစ်များသည်။ ပွဲလမ်းသဘင်အနေဖြင့် တပေါင်းလတွင် ပအိုဝ်းအမျိုးသားပွဲ ၊တန်ခူးလတွင် သင်္ကြန်ပွဲနှင့် တော်သလင်းနှင့် သီတင်းကျွတ်တွင် သီးတင်းကျွတ်နှင့်ကထိန်ပွဲတို့ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာအတွင်းရှိလမ်းများသည် မြေသားလမ်း များဖြစ်နေ၍ မိုးရာသီတွင်သွားလာရခက်ခဲပါသည်လုပ်ငန်းအားလပ်ချိန်မှာတပို့တွဲ၊တပေါင်းနှင့်နတ်တော်လတို့ဖြစ်ပါသည်။

ရေရရှိမှုအနေဖြင့် နွေရာသီတွင်ရေရှားပါးမှုအခက်ခဲရှိသည်။ ကဆုန်လ၊နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလနှင့်သီတင်းကျွတ်လတို့တွင်အစားအစာဖူလုံမှုအနည်းငယ်အခက်အခဲ ရှိပါသည်။

ဝင်ငွေများအနေဖြင့်တန်ဆောင်မုန်းလ၊နတ်တော်လနှင့်ပြာသိုလတွင်သီးနှံများရိတ်သိမ်းပြီးရောင်း ချချိန်ဖြစ်၍ ဝင်ငွေများသောကာလဖြစ်သည်။ ထွက်ငွေအနေဖြင့် သီးနှံစိုက်ပျိုးသောအချိန်တွင် အများဆုံး ကုနိကျပြီးကျန်အချိန်များမှာလည်း အနည်းငယ်ကုန်ကျပါ သည်။

# အရင်းအမြစ်သုံးစွဲမှုဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ထော်လာဂျီ<br>ကား<br>နွားလှည်း<br>ကိုင်းရှည်<br>ကျွဲ | အပ်ချုပ်စက်<br>အိမ်မှုကိစ္စ | ဆိုင်ကယ်<br>ဖုန်း<br>ဘုန်းကြီးကျောင်း<br>အိမ်<br>အိမ်စျေးဆိုင်<br>တောင်ယာ/ လယ်ယာ<br>လျှပ်စစ်မီး<br>ရေ<br>ထင်းခုတ်/ ထင်းရှာခြင်း<br>လမ်း<br>ငွေကြေးသုံးစွဲမှု<br>သချိုင်း<br>စာသင်ကျောင်း<br>ဆေးခန်း |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၆၂ဦး
မ - ၄၈ဦး

**မှတ်တမ်းတင်သူ**

အမည်-ဒေါ်နော်မူးခိုဝါး
ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ထော်လာဂျီ<br>ကား<br>နွားလှည်း<br>ကိုင်းရှည်<br>သချိုင်း<br>ထင်းခုတ်/ ထင်းရှာခြင်း<br>လှူပ်စစ်မီး<br>ရေ<br>ဆိုင်ကယ်<br>လှူပ်စစ်မီး | အပ်ချုပ်စက်<br>အိမ်မှုကိစ္စ | ဘုန်းကြီးကျောင်း<br>အိမ်<br>အိမ်ဈေးဆိုင်<br>တောင်ယာ/ လယ်ယာ<br>လမ်း<br>ငွေကြေးသုံးစွဲမှု<br>စာသင်ကျောင်း<br>ဆေးခန်း<br>ဖုန်း<br>ကျွဲ |

**ပါဝင်ဆွေးနွေးသူ**

ကျား - ၆၂ဦး

မ - ၄၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယား သုံးသပ်ချက်


ကုန်းဆွတ်ကျေးရွာအတွင်းရှိအမျိုးသမီးများသီးသန့်အသုံးပြုသောအရင်းအမြစ်မှာအပ်ချုပ်စက်နှင့်အိမ်မှုကိစ္စသာရှိပြီး အမျိုးသားများ သီးသန့်အသုံးပြုသော အရင်းအမြစ်များမှာ ထော်လာဂျီ၊ ကား၊ နွားလှည်း၊ ကိုင်းရှည်နှင့်ကျွဲတို့ဖြစ်ပါသည်။ အမျိုးသားနှင့်အမျိုး သမီးများအတူတူ သုံးစွဲသောအရင်းအမြစ်များမှာဆိုင်ကယ်၊ဘုန်းကြီးကျောင်း၊ အိမ်၊ မုန့်ဆိုင်၊တောင်ယာ၊ လယ်ယာ၊ လျှပ်စစ်မီး၊ ရေ၊ ဖုန်း၊ အိမ်သာ၊ထင်းခုတ်/ထင်းရှာ၊ လမ်း၊ ငွေကြေးသုံးစွဲမှု၊ သချိုင်း၊ စာသင်ကျောင်း နှင့် ဆေးခန်း တို့ဖြစ်ပါသည်။

အမျိုးသမီးများထိန်းချုပ်သောအရင်းအမြစ်များမှာ အပ်ချုပ်စက်နှင့်အိမ်မှုကိစ္စတို့ဖြစ်ပါသည်။အမျိုးသားများထိန်းချုပ်သောအရင်းအမြစ်များမှာထော်လာဂျီ၊ဘုရားကျောင်း၊ကိုင်းရှည်၊ သချိုင်း၊လျှပ်စစ်မီး၊ ကား၊ ဆိုင်ကယ်၊နွားလှည်း တို့ ဖြစ်ပါ သည်။

အမျိုးသားနှင့်အမျိုးသမီး အတူတူထိန်းချုပ်သောအရင်းအမြစ်များမှာ၊ စာသင်ကျောင်း၊ ဆေးခန်း၊ ဖုန်း၊ကျွဲ၊နွား၊အိမ်ဈေးဆိုင်၊တောင်ယာ၊လယ်ယာ၊နှင့်အိမ် တို့ဖြစ်ပါသည်။၎င်းအရင်းအမြစ်များကိုအတူတူထိန်းချုပ်ရခြင်းမှာတစ်ခုခုပျက်စီးသွားခဲ့လျှင်အတူတူပါဝင်လုပ်ဆောင်ရသောကြောင့် ဖြစ်ပါသည်။

အမျိုးသားထိန်းချုပ်သောအရင်းအမြစ်များမှာ ဘုန်းကြီးကျောင်း၊ ကိုင်းရှည်၊ ကား၊ သချိုင်း၊ လမ်း၊ လျှပ်စစ်မီး၊ရေ၊ ထော်လာဂျီနှင့်ထင်းရှာ၊ ထင်းခုတ်ခြင်းတို့ဖြစ်ပါသည်။ အကြောင်းမှာစက်နှင့်ပတ်သက်သောအရာများကိုအမျိုးသမီးများအားထိန်းချုပ်ခိုင်းလျှင်အဆင်မပြေမှုများ ဖြစ်လာနိုင်သည်ဟုယူဆကြပြီး အမျိုးသမီးများကျွမ်းကျင်သောလုပ်ငန်းမှာ အိမ်တွင်းမှုလုပ်ငန်းသာ ဖြစ်သည်ဟုယူဆကြသော ကြောင့်ဖြစ်ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




ပါဝင်ဆွေးနွေးသူ

ကျား - ၆၂ဦး

မ -၄၈ဦး

မှတ်တမ်းတင်သူ

အမည် -ဒေါ်နော်မူးခိုဝါး

ရာထူး -လူထုစည်းရုံးရေးမှူး


# ပင့်ကူအိမ် သုံးသပ်ချက်

ပညာရေးတွင်အမျိုးသားနှင့်အမျိုးသမီးများမှာတန်းတူအခွင့်အရေးရရှိပါသည်။ဝင်ငွေရရှိမှုတွင်လည်း အမျိုးသားနှင့်အမျိုးသမီးတို့မှာတန်းတူနီးပါးရရှိလျက်ရှိပါသည်။အမျိုးသားများသည်အမျိုးသမီးများကိုရှေ့ရိုးစွဲ အတိုင်းဦးဆောင်နိုင်မှုနှင့်ဆုံးဖြတ်ချက်ချနိုင်ခွင့်တို့တွင်အမျိုးသားများကသာဦးဆောင်ပြီးလုပ်ရပါသည်။အခု အချိန်တွငအမျိုးသမီးများအနည်းတိုးတက်လာပါသည်။ ယခုချိန်ခါတွင်ကျန်းမာရေးလက်လှမ်းမှီမှုမှာအမျိုး သားများနှင့်တန်းတလက်လှမ်းမှီပါသည်။လုံခြုံမှုတွင်အမျိုးသမီးများအနည်းငယ်သာလုံခြုံမှုရှိပါသေးသည်။

အမွေရပိုင်ခွင့်တွင်အမျိုးသားနှင့် အမျိုးသမီးတန်းတူနီးပါးရရှိကြပါသည်။ အမျိုးသမီးများသည်အများ အား ဖြင့်အိမ်မှုကိစ္စများတွင်သာအမျိုးသားများထက်ပိုလုပ်ကြရပါသည်။ အမျိုးသားများလည်းအမျိုးသမီး များမအားလပ်ချိန်တွင်ဝင်ရောက်လုပ်ကိုင်ပေးလျက်ရှိကြပါသည်။ ထို့အပြင်ပူးပေါင်းပါဝင်ခွင့်တွင်အမျိုးသား နှင့်အမျိုးသမီးတို့မှာတန်းတူပူးပေါင်းပါဝင်ခွင့်ရရှိကြပါသည်။

အိမ်မှုကိစ္စများနှင့် ကလေးထိန်းခြင်းများကို အမျိုးသားများက ခွဲဝေလုပ်ဆောင်ပေးလျှင် အမျိုး သမီးများလည်းပို၍ဝင်ငွေရရှိလာနိုင်မည်ဖြစ်သည်။ သုံးသပ်ချက်များတွင်အမျိုးသားနှင့်အမျိုးသမီးကွာဟရ ခြင်းရှေးရိုးအစဉ်လာအရအမျိုးသားများသာဦးဆောင်ဆောင်ရွက်ရမည်ဆိုသည့် ရှေးအစွဲကြောင့်အမျိုးသမီး များသည် အမျိုးသားများထက်အရာရာနောက်ကျနေရ ခြင်းဖြစ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




**ပါဝင်ဆွေးနွေးသူ**

ကျား - ၆၂ဦး

မ - ၄၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

# ဗင်းပုံစံ သုံးသပ်ချက်

ကုန်းဆွတ်ကျေးရွာ၏ ရွာတွင်းရှိ အဖွဲ့အစည်းအနေဖြင့် အုပ်ချုပ်ရေးမှူး၊ လူငယ်အဖွဲ့၊ ကျန်းမာရေးအဖွဲ့၊မီးကော်မတီ၊ရေကော်မတီ၊ ကျောင်းကော်မတီအဖွဲ့တို့ ရှိကြပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေးမှူးသည်ကျေးရွာတွင်အဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကဦးဆောင်သူဖြစ်သည်။ လူငယ်အဖွဲ့သည်ကျေးရွာအတွင်းရှိ သာရေး၊နာရေးကိစ္စတွင်မက ကိစ္စအား လုံးမှန်သမျှကို ပါဝင်ရသောအဖွဲ့ ဖြစ်သည်။

ကျန်းမာရေးအဖွဲ့သည် ကျေးလက်ကျန်းမာရေးနှင့်ချိတ်ဆက်ပြီး ကျေးရွာအတွင်းရှိ ကလေး များနှင့်နာမကျန်းသူများအတွက်လိုအပ်သောဆေးဝါးများကိုပြောပြပါသည်။ထို့အပြင်မီးကော်မတီ၊ရေကော်မတီနင်ကျောင်းကော်မတီတို့သည်လည်းငှင်းတို့၏လုပ်ဆောင်ရမည့်အခန်းကဏ္ဍများကိုလုပ်ဆောင်လျက်ရှိပါသည်။ကုန်းဆွတ်ကျေးရွာ နှင့်ချိတ်ဆက်သောကျေးရွာပြင်ပအဖွဲ့အစည်းများမှာ ***DM၊ I.O.M၊ UNDP၊ Save the Children*** ၊ ***NRC*** ၊ ဟားနား နှင့်လူထုဖဟိုပြုစီမံကိန်းအဖွဲ့တို့ ဖြစ်ကြပါသည်။

ထိုအဖွဲ့စည်းများအနက်မှ ***DM***အဖွဲ့သည်မိုင်းအကြောင်းလာရောက်အသိပညာပေးဟောပြောပွဲများလုပ်ဆောင်ပေးလျက်ရှိပါသည်။ ***I.O.M***အဖွဲ့မှလည်းငါးနှစ်အောက်ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များမွေးဖွားပေးခြင်းအတွက်ထောက်ပံ့ပေးလျက်ရှိပါသည်။ ***UNDP***အဖွဲ့စည်းမှလည်းဆေးခန်း၊မူကြိုကျောင်း၊လမ်း၊ တံတားနှင့် မြေဆီထိန်းသိမ်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ငှင်းအပြင် ***Save the Children*** အဖွဲ့မှလည်းခြင်တောင်များထုတ်ပေးပြီးငှက်ဖျားဟောပြောပွဲနှင့်ကျန်းမာရေးအသိပညာပေးသင်တန်းများ ပြုလုပ်ပေးပါသည်။ ၂၀၁၉ ခုနှစ်တွင် ဟားနားအဖွဲ့ဝင်ရောက်လာပြီး ငွေစုငွေချေးလုပ်ငန်းများကိုလုပ်ဆောင်ပေးလျက်ရှိပါသည်။ ၂၀၁၇ခုနှစ်တွင်လူထုဖဟိုပြုစီမံကိန်းမှကျေးရွာ၏လိုအပ်ချက်အရရန်ပုံငွေထောက်ပံ့ပေးပြီးကျေးရွာလူထုနှင့်ပူးပေါင်းကာစာသင်ကျောင်းခြံစည်းရိုးကိုကာပေးခဲ့ပါသည်။ထို့အပြင်၂၀၂၀ ခုနှစ်တွင်ကျေးရွာလူထု၏ တောင်းဆိုမှုနှင့်လိုအပ်ချက်အရခန်းမဆောင်တည်ဆောက်ရန်လျာထား လျက်ရှိပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

### ကျေးရွာစီထောက်ကော်မတီဥက္ကဌ

၁။ ဦးခွန်ကျော်လွန်း

၂။ ဒေါ်နန်းငဲ

### ကျေးရွာစေတနာ့ဝန်ထမ်း

၁။ ဦးထွန်းဆာ

၂။ ဒေါ်နန်းစိန်ကြည်

### စောင့်ကြည့်ကြပ်ရေးကော်မတီ

၁။ ဦးအောင်မြင်

၂။ ဒေါ်နန်းဒွေါင်း

### လည်ပတ်ထိန်းသိမ်းရေးကော်မတီ

၁။ ဦးကျော်စိန်

၂။ ဒေါ်နန်းခဲ

### ဝယ်ယူရေးကော်မတီ

၁။ ဦးခွန်သိန်းမောင်

၂။ ဒေါ်နန်းထိုက်

### ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့

၁။ ဦးခွန်ထွန်းစိန်

၂။ ဒေါ်နန်းတွမ်

### ငွေစာရင်းကိုင်

၁။ ဦးခွန်ရဲအောင်

**ပါဝင်ဆွေးနွေးသူ**

ကျား- ၆၂ဦး

မ - ၄၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး-လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဋ္ဌ**

၁။ ဦးဖရန်စစ်

၂။ ဒေါ်မလေး

**ဘဏ္ဍာရေးဆပ်ကော်မတီ**

**ဥက္ကဋ္ဌ**

၁။ ဦးထွန်းဦး

**စာရင်းကိုင်**

၁။ ဒေါ်နော်နီသောမြင့်

**အဖွဲ့ဝင် (ငွေထိန်း)**

၁။ ဦးမောင်ရွှေ

**အုပ်စုကော်မတီအဖွဲ့ဝင်များ**

| | |
|---|---|
| ၁။ ဦးသာစေး | ၁၁။ ဦးအောင်မြင် |
| ၂။ ဒေါ်ချယ်ရီစိန် | ၁၂။ ဒေါ်မူနန့် |
| ၃။ ဒေါ်မိငယ် | ၁၃။ ဒေါ်စန်းစန်းမော် |
| ၄။ ဦးခွန်ကျော်လွန်း | ၁၄။ ဦးဆန်းတိုး |
| ၅။ ဒေါ်နန်းငဲ | ၁၅။ ဒေါ်ဂျူဝါးနာ |
| ၆။ ဦးအုန်းမောင် | ၁၆။ ဒေါ်ကြာ |
| ၇။ ဦးမောင်ကျောက် | ၁၇။ ဦးစောပို |
| ၈။ ဒေါ်မြင့်မြင့်သိန်း | ၁၈။ ဒေါ်အေးမြင့် |
| ၉။ ဒေါ်အန်းဂျေလာ | ၁၉။ ဦးလှစိုး |
| ၁၀။ ဦးသန်းငွေ | ၂၀။ ဦးအာပြား |

**ပါဝင်ဆွေးနွေးသူ**

ကျား-၆၂ဦး

မ - ၄၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နော်မူးခိုဝါး

ရာထူး - လူထုစည်းရုံးရေးမှူး

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် | |
|---|---|---|---|
| ဦးခွန်မောင်လှသိ | 09-448107551 | ဒေါ်မြနှင်းမှူးခိုင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ၊ မြို့နယ် ကယားပြည်နယ် ၊ လွိုင်ကော်မြို့နယ် | | ကျေးရွာအုပ်စု ဖိန်းချစ် | ကျေးရွာ ကုန်းသွတ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ပအိုဝ် | 206 | ဘာသာ(၁)-ဗုဒ္ဓ----- | 207 |
| လူမျိုးစု (၂)---ကယန်း | 1 | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| . | | | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 22 ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 26 ဦး | | |
| စစ်ဘေးရှောင် | | | |
| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
| လူဦးရေ | 489 | 483 | 972 |
| လူမျိုးစု (၁)---ပအိုဝ် | 488 | 483 | 971 |
| လူမျိုးစု (၂)---ကယန်း | 1 | | 1 |
| လူမျိုးစု (၃)----------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | 196 | 11 | |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　(ကတ္တရာလမ်း)　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ______________

(ဆ) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှဝင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ဝင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--30 မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား -------------------

မိုးရာသီတွင်ကြာချိန်-----30 မိနစ်---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----ကျောင်းကော်မတီ-----

(၂) --------ရုပ်ရှင်ကော်မတီ------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးစိန်မောင်လယ်

လက်မှတ် [signature] နေ့စွဲ 25-9-2019

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်နော်မူးခိုဝါး

လက်မှတ် [signature] နေ့စွဲ 25-9-2019

## ပုံစံ - ၈-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | | | | | | | |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - ဒေါ်နော်ဖူးခိုဝါး | | | | | | | | | |
| နေ့စွဲ 25-9-2019 | | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☑ စက်ဝန်း (၄) | | | | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု ပိန်းချစ် | | | ကျေးရွာ ကျိန်းဆွတ် | | | |
| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေ အတွက်နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 25-9-19 | 25-9-19 | ၆၂ ဦး | ၄၈ ဦး | 110 ဦ | ပအိုဝ် | 110 ဦး | 110 ဦ | 53% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 25-9-19 | 25-9-19 | ၆၂ ဦး | ၄၈ ဦး | 110 ဦ | ပအိုဝ် | 110 ဦး | 110 ဦ | 53% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံး ဖြတ်ချက်ချသည့်အစည်းအဝေး | 1-11-19 | 1-11-19 | 26 | 21 | 47 ဦ | - | - | 47 ဦ | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | 11-12-19 | 11-12-19 | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့်အကောင် အထည်ဖော်ရေးကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | 29-1-2020 | 29-1-2020 | 61 ဦး | 52 ဦး | 113 ဦ | ပအိုဝ် | 113 ဦး | 113 ဦ | 56% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 29.1.2020 | 29.1.2020 | 8 ဦး | 6 ဦး | 14 ရ | ဗ3ဦး ၊ 14ဦး | 14 ရ | 6.76% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 29.2020 | 29.1.2020 | 8ဦး | 6ဦး | 14 ရ | ဗ3ဦး ၊ 14ဦး | 14 ရ | 6.76% |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 29.1.2020 | 29.1.2020 | 8ဦး | 6ဦး | 14ရ | ဗ3ဦး ၊ 14ဦး | 14 ရ | 6.76% |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 29.1.2020 | 29.1.2020 | 8ဦး | 6ဦး | 14ရ | ဗ3ဦး ၊ 14ဦး | 14ရ | 6.76% |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - | | |
